# ဗီဇာ စည်းကမ်းချက်များကို နားလည်ခြင်း

## မြန်မာဘာသာစကား

## အကူအညီလိုပါသလား။

သင့်ဗီဇာစည်းကမ်းချက်များကို ကူညီစစ်ဆေးပေးရန် အလုပ်သမား သမဂ္ဂ၊ ရပ်ရွာဥပဒေရေးရာဌာန သို့မဟုတ် ရွှေ့ပြောင်းလာသူ ကူညီပေးရေး အဖွဲ့အစည်းထံ စုံစမ်းမေးမြန်းပါ။

## အသုံးဝင်သော အချိတ်အဆက်များ

**VEVO ပေါ်တယ်၊** online.immi.gov.au/vevo

**ဒေသဆိုင်ရာ စာပို့သင်္ကေတ စာရင်း၊**
immi.homeaffairs.gov.au/regional-postcodes

**ပြည်ထဲရေးဝန်ကြီးဌာန ဗီဇာစည်းကမ်းချက် အချက်အလက်များ** homeaffairs.gov.au

**migrantworkers.org.au**

This material was developed with funding from the Australian Government.

အလုပ်ရှင်များနှင့် အဖွဲ့အစည်းများသည်လည်း ImmiAccount မှတစ်ဆင့် VEVO အတွက် မှတ်ပုံတင်၍ ဗီဇာစည်းကမ်းချက်များကို စစ်ဆေးနိုင်သည်။



# VEVO ဆိုသည်မှာ အဘယ်နည်း။

ယာယီဗီဇာကိုင်ဆောင်ထားကြသူများသည် မိမိတို့၏ အလုပ်လုပ်ကိုင်နိုင်ခွင့်၊ ပညာသင်ကြားနိုင်ခွင့်နှင့် ဩစတြေးလျားတွင် ဆက်လက်နေထိုင်နိုင်ခွင့်တို့ကို ထိခိုက်စေသည့် ရှုပ်ထွေးပြီး တင်းကျပ်သော စည်းကမ်းချက်များနှင့် ရင်ဆိုင်ရလေ့ရှိသည်။ ဤစည်းကမ်းချက်များကို မရည်ရွယ်ဘဲ ချိုးဖောက်မိလျှင်ပင် ဗီဇာဖျက်သိမ်းခံရနိုင်သည် သို့မဟုတ် နောင်တွင် ဗီဇာပြဿနာများကို ဖြစ်ပေါ်စေနိုင်သည်။

**VEVO (Visa Entitlement Verification Online)** (အွန်လိုင်းအရ ဗီဇာရပိုင်ခွင့်ကို အတည်ပြုခြင်း) သည် Department of Home Affairs (ပြည်ထဲရေး ဝန်ကြီးဌာန) ၏ အခမဲ့ဝန်ဆောင်မှုတစ်ရပ်ဖြစ်သည်။

ၚင်းသည် သင်၏ အလုပ်လုပ်ကိုင်ပိုင်ခွင့်အပါအဝင် သင်၏ ဗီဇာအခြေအနေနှင့် စည်းကမ်းချက်များကို အချိန်မရွေး၊ နေရာမရွေး ကူညီစစ်ဆေးပေးသည်။

## VEVO ကို အဘယ်ကြောင့် သုံးရမည်နည်း။

- သင်၏ အလုပ်အကိုင်ဆိုင်ရာ အခွင့်အရေးများကို သိပါ။
- ဗီဇာ ချိုးဖောက်မှုများကို ရှောင်ရှားပါ။
- သင်၏ ဗီဇာ အခြေအနေကို ယုံကြည်ရသော အဖွဲ့အစည်းများအား မျှဝေအသိပေးပါ

## သင် လိုအပ်မည်တို့မှာ၊

- သင့် **နိုင်ငံကူးလက်မှတ်၊ ImmiCard** (လူဝင်မှုကြီးကြပ်ရေးကတ်ပြား) သို့မဟုတ် ခရီးသွားစာရွက်စာတမ်းပါ အသေးစိတ်အချက်အလက်များ
- သင်၏ ဗီဇာခွင့်ပြုစာတွင်ပါရှိသော ခွဲခြားဖော်ထုတ်နိုင်ရာ အချက်အလက်များအနက် အောက်ပါတစ်ခုခု၊

1. ဗီဇာခွင့်ပြုစာနံပါတ်
2. အမှုသည် နံပါတ်
3. အမှုကိစ္စ ရည်ညွှန်းနံပါတ်

---

### ကျောင်းသားဗီဇာ (အမျိုးအစားခွဲ 500)

**စည်းကမ်းချက်များ** 8105, 8202, 8533

**အဓိက ကန့်သတ်ချက်များ**

- ကျောင်းတက်နေစဉ်အတွင်း (မဟာဘွဲ့/ပါရဂူကျောင်းသား မှလွဲ၍) နှစ်ပတ်စဉ် အများဆုံး 48 နာရီ အလုပ်လုပ်နိုင်သည်
- အချိန်ပြည့် ကျောင်းတက်နေရမည်
- လိပ်စာအပြောင်းအလဲများကို 7 ရက်အတွင်း မိမိတက်နေသောကျောင်းကို အကြောင်းကြားရမည်။

### ကျောင်းသားဗီဇာ ကိုင်ဆောင်သူ၏ မိသားစု

**စည်းကမ်းချက်များ** 8104

**အဓိက ကန့်သတ်ချက်များ**

- ကျောင်းသားက သင်တန်း စမတက်မီ အလုပ်မလုပ်နိုင်ပါ
- (မဟာဘွဲ့/ပါရဂူကျောင်းသား မှလွဲ၍) နှစ်ပတ်စဉ် အများဆုံး 48 နာရီ

### PALM အစီအစဉ် လုပ်သား

**စည်းကမ်းချက်များ** 8611

**အဓိက ကန့်သတ်ချက်များ**

- PALM ကမကထပြုသူ သို့မဟုတ် ထောက်ခံချက် ရထားသော ကမကထပြုသူအတွက်သာ အလုပ်လုပ်နိုင်သည်။
- ကိုယ်ပိုင် အလုပ်ကို မလုပ်နိုင်ပါ

### Skills in Demand Visa (ကျွမ်းကျင်မှု လိုအပ်ခြင်းဆိုင်ရာ ဗီဇာ) (အမျိုးအစားခွဲ 482)

**စည်းကမ်းချက်များ** 8107

**အဓိက ကန့်သတ်ချက်များ**

- ကမကထပြုပေးသူထံ လုပ်နေသည့်အလုပ်ကို မရပ်စဲနိုင်ပါ၊ အလုပ်အကိုင်မပြောင်းလဲနိုင်ပါ သို့မဟုတ် မိမိကိုယ်ပိုင် အလုပ်ကို အောက်ပါထက် ပိုမလုပ်နိုင်ပါ၊ **ရက်ပေါင်း 180 ဆက်တိုက် စုစုပေါင်း 365 ရက်**

### Working Holiday Maker (အပျော်ခရီးထွက်ရင်း အလုပ်လုပ်သူ) (အမျိုးအစားခွဲ 417 နှင့် 462)

**စည်းကမ်းချက်များ** 8547, 8548

**အဓိက ကန့်သတ်ချက်များ**

- အလုပ်ရှင်တစ်ဦးထံတွင် အများဆုံး 6 လ

### Skilled Regional Visa (ဒေသဆိုင်ရာ ကျွမ်းကျင်မှု ဗီဇာ) (အမျိုးအစားခွဲ 491)

**စည်းကမ်းချက်များ** 8539, 8578, 8579

**အဓိက ကန့်သတ်ချက်များ**

- သတ်မှတ်ထားသော ဒေသများတွင် နေထိုင်/အလုပ်လုပ်/ပညာသင်ရမည်
- ဆက်သွယ်မှု/အလုပ်အကိုင်ဆိုင်ရာ ပြောင်းလဲမှုများ၏ အသေးစိတ်ကို 14 ရက်အတွင်း Home Affairs (ပြည်ထဲရေးဝန်ကြီးဌာန)သို့ အကြောင်းကြားရမည်။

### ဧည့်သည်ဗီဇာ (အမျိုးအစားခွဲ 600)

**စည်းကမ်းချက်များ** 8503, 8531, 8609

**အဓိက ကန့်သတ်ချက်များ**

- ဝင်ရောက်ပြီးနောက် ဗီဇာ ထပ်မံ မရတော့ပါ (8503)

### အလုပ်မလုပ်ရ စည်းကမ်းသတ်မှတ်ချက်

**စည်းကမ်းချက်များ** 8101

Condition 8101 သည် လစာမရသေးသူ ဖြစ်လင့်ကစား ဗီဇာအမျိုးအစားအချို့ကိုကိုင်ဆောင်ထားကြသူများအား ပုံမှန်အခကြေးငွေရသည့် အလုပ်တစ်စုံတစ်ရာကို မလုပ်ကိုင်ရန် တားမြစ်ထားသည့် တင်းကျပ်သော 'အလုပ်မလုပ်ရ' ဟူသော စည်းမျဉ်းစည်းကမ်းဖြစ်သည်။ ၚင်းသည် သင်နှင့်သက်ဆိုင်မှု ရှိမရှိကို သိရှိရန် VEVO မှာ ကြည့်ပါ။